
Swae Nyoe
စွဲညို
တာစဥ် – ၄၃
အာယာတပြန်တမ်း
Swae Nyoe Team

# အပိုင်း ၆၃၁
# ရှောင်းယီ ခါးကိုင်ဆောင်ပြီး ပြန်လာနေပြီ

*

နန်းပေါင်ရီ နိုးလာသောအခါ သူမ ကုတင်ပေါ်ရောက်နေမှန်းသတိထားမိသွားသည်။

သူမ မနေ့ညက အသောက်လွန်သွားပြီး ခေါင်းမှာအုံ့ခဲနေလျက်ရှိသည်။ ဖျင်တဲထဲတွင် အရက်နံများရှိနေကြောင်း သတိထားမိသွားသောအခါ ထထိုင်လိုက်မိသည်။ အရက်နံများကြောင့် လိုက်ကာအား မတင်ကာ လက်ဆက်သောလေအားရှူမည့်အခိုက်တွင် ကုတင်ပေါ်တွင် အခြားတစ်ယောက်ရှိနေမှန်းသတိပြုမိသွားသည်။

ချူးဟွိုက်နန် အပြင်တွင် အိပ်ပျော်လျက်ရှိသည်။

သူမအောက်သို့ ငုံ့ကြည့်လိုက်သောအခါ အဝတ်အစားများ တွန့်ကြေလျက်ရှိသည်။ သူမ စကတ်နှင့် အင်္ကျီတို့အား မျှကြည့်လိုက်သည်။ သူမ၏ ကြည်လင်တောင်ပနေသော အသားအရေတွင် အညိုအမဲများစွဲနေကာ ခါးနားတဝိုက်တွင် အများဆုံးဖြစ်သည်။

သူမ၏ တကိုယ်လုံး အလွန်ကိုက်ခဲနေသည်။

ဒီခံစားချက်က ရှောင်းယီနဲ့ အိပ်တုန်းကလိုမျိုး....

သူမ အလွန်တရာ ထိတ်လန့်သွားသည်။

သူမအသံကြောင့် ချူးဟွိုက်နန်နိုးလာပြီး...

သူသည် အဝတ်များနှင့် အိပ်ပျော်နေကာ နိုးလာလျက် " မင်းနိုးပြီလား"

မနေ့ညက သူ နန်းပေါင်ရီအား သူမအိပ်ရာပေါ်သို့ ပြန်ပို့ပေးခဲ့သည်။ အဆုံးတွင် သူမလေးသည် အလွန်တရာမူးနေကာ ရထားလုံးထဲတွင် ထိုင်ရန်ငြင်းဆန်နေသည်။ ပြန်လမ်းတလျှောက် ကခုန်နေလျက် မကြာခဏ ပြုတ်ကျခဲ့သည်။ အဆုံးတွင် လူးလိမ့်၍တောင် နေခဲ့သေးသည်။

သူ နန်းတွင်းသမားတော်အား သူမကို စစ်ဆေးပေးရန် ပြောကြားခဲ့သော်လည်း ထိုခဏတွင် သူမအမူးလွန်ကာ အိပ်ပျော်သွားခဲ့သည်။ သို့သော် ငြိမ်ငြိမ်သက်သက် မအိပ်ဘဲနှင့် သူမအား ထိလိုက်တိုင်း ထိုသူအားလိုက်ကိုက်နေ၍ သမားတော်များ မစမ်းသပ်ရဲကြပေ။ သူမအား ထိုအတိုင်းသာ တညလုံးအိပ်စေခဲ့ရသည်။

နန်းပေါင်ရီ စောင်အားတင်းကြပ်စွာ ကိုင်လိုက်ပြီး ချူးဟွိုက်နန်အား ကြည့်လျက် " မနေ့ညက...."

ချူးဟွိုက်နန် တိတ်ဆိတ်သွားသည်။

သူသည် မိန်းမပေါင်းများစွာနှင့် အတူရှိခဲ့သော်လည်း ထိုမိန်းမများထက် ပို၍ တုန့်ပြန်တတ်၍ နန်းပေါင်ရီ ဘာမေးချင်မှန်း သူသိသည်။

သူမ အံ့ကြိတ်နေသည်အားကြည့်ခြင်းအားဖြင့် သူမ အထင်လွဲသွားမှန်းသူ သိသည်။

ချူးဟွိုက်နန်လက်အားမြှောက်၍ ပတ်တီးစည်းထားရသော ဘယ်ဘက်မျက်လုံးအားထိလိုက်သည်။ ရှောင်းယီက မြို့တော်ကိုပြန်ရောက်တော့မည်။ ဒီအထင်လွဲမှုက မကောင်းတာမဟုတ်ပေဘူး။

သူမျက်လုံးအောက်ချလိုက်ပြီး နူးညံ့သည့်ခေါင်းအုံးကို ကိုင်လိုက်ကာ နွေးထွေးသောအသံဖြင့် " မင်းကငါ့ ကိုယ်လုပ်တော်ပဲ။ မင်းနဲ့အတူ ပျော်ပါးရ

မှာ ကိုယ့်အလုပ်ပဲလေ"

နန်းပေါင်ရီ ရင်လေးသွားရသည်။

သူမ ထိုသည်အား အမှန်လား အမှားလားပင် မဆုံးဖြတ်နိုင်တော့ချေ။ သူမ ချူးဟွိုက်နန်အား ခဏငေးကြည့်နေမိပြီးနောက် ပါးရိုက်လိုက်သည်။

ချူးဟွိုက်နန် အံ့သြမှင်သပ်သွားသည်။

သူ၏ မျက်လုံးများ နီလာပြီး ဒေါသများနှင့်ပြည့်နှက်နေကာ...

မင်းသမီးလေးက သူ့ကို အော့လောက်တောင်မုန်းသည်ပဲ။

ဒါပေမယ့်သူက ဧကရာဇ်လေ။ သူကြိုက်နှစ်သက်တာကို ခံရရင် ဂုဏ်ယူနေရမှာမဟုတ်ဘူးလား။

နန်းပေါင်ရီ နောက်ထပ်ရိုက်ဖို့ ကြိုးစားပေမယ့် သူ သူမလက်အား ဖမ်းလိုက်ပြီး တင်းကြပ်စွာဆုပ်ကိုင်ထားသည်။

သူ " ငါ့ကို ထပ်ထိကြည့်လိုက်စမ်း" ဟု တလုံးချင်းပြောလိုက်သည်။

"ကျွန်မ..."

"အရှင်"

နန်းပေါင်ရီ ဘာတခုမှမပြောရသေးခင် ပြည်တွင်းကြီးကြပ်မှူးအရာရှိသည် ခန်းမထဲသို့ ကသိုက်ကရိုက်ပြေးလာခဲ့သည်။

သူ ဖျင်တဲ၏အပြင်၌ရပ်သွားလျက် တုန်လှုပ်နေသောအသံဖြင့် " ရှောင်းယီ တစ်ယောက်တည်း မြင်းစီးလာပြီး အရှင့်ရဲ့ အိပ်ခန်းထဲကို ဦးတည်ပြီး လာနေပါတယ်။ ကျေးဇူးပြုပြီး ပြင်ဆင်ထားပါ။"

ချူးဟွိုက်နန်၏ မျက်နှာသည် အရုပ်ဆိုးလာပြီး " သူနောက် ၃ရက်မှ မြို့တော်ကို ရောက်မယ်လို့ မင်းမပြောခဲ့ဘူးလား"

"ဒါက... မြင်းကမြန်နေရင်လဲ စောပြီးရောက်လာနိုင်ပါတယ်"

ချူးဟွိုက်နန်ဒေါသထွက်သွားလျက် "နန်းတော်အစောင့်တွေက မတားကြဘူးလား"

" အရှင် ဘယ်သူမှသူ့ကို မထိရဲကြပါဘူး။ ရှောင်းယီက အတင့်ရဲပြီး နန်းတော်ထဲကို ဓားကြီးတလက်ကိုင်ဆောင်လာလို့ ကျွန်တော်တောင် အဝေးကနေကြည့်ပြီးပဲနေရဲပါတယ်"

"အသုံးမကျတဲ့သူတွေ"

ချူးဟွိုက်နန် ဆူဆဲလိုက်သည်။

သူ ရုတ်တရပ် နဂါးအိပ်ယာ အပြင်ဘက်သို့ကြည့်လိုက်သည်။

နန်းပေါင်ရီ ရှောင်းယီ နန်းတော်ထဲဝင်လာနေသော သတင်းအား ကြားလိုက်သည်။ ထိုအချိန်တွင် သူမမျက်လုံးများအောက်သို့ကြည့်လိုက်ကာ စောင်အား တင်းကြပ်စွာ ဆုပ်ကိုင်လိုက်မိသည်။ သူမ၏ ဆံနွယ် အနည်းငယ်သည် မျက်နှာပေါ်သို့ကျနေ၍ နူးညံ့ကာ ရင်ဆိုင်ရခက်နေပုံပေါ်သည်။

သူမ ဘာစဉ်းစားနေမှန်း ချူးဟွိုက်နန်ရိပ်မိသည်။

ချူးဟွိုက်နန် ရင်ထဲတွင် မလိုလားခြင်းနှင့် မောက်မာခြင်းတို့ ပြည့်နှက်လာပြီး သူမ၏ ဆံပင်များအား လက်အပြည့်ဆွဲကိုင်လိုက်ကာ သူမ၏ နားထဲသို့ " တကယ်လို့ရှောင်းယီသာ မင်းကို ငါ့အိပ်ယာထဲမှာမြင်သွားရင် သူ ဘယ်လိုများဖြစ်သွားမလဲ" ဟု တီးတိုးပြောလိုက်သည်။

နန်းပေါင်ရီ ရုတ်တရပ် ခေါင်းမော့လိုက်သည်။

ချူးဟွိုက်နန် မထိတထိပြုံးလိုက်ရင်း ရင်ထဲ၌ တဆစ်ဆစ်နာကျင်နေလျက် " နန်းပေါင်ရီ ငါက ရှောင်းယီနဲ့ ဘယ်နေရာမှာမှ မယှဉ်နိုင်ပေ

မယ့် ငါ ဒီလောက်ကြိုးစားခဲ့တာတောင် သနားစရာ အိမ်ရှေ့မင်းသား ဖြစ်နေသေးပေမယ့် ငါသူ့ရဲ့ မိန်းကလေးနဲ့ အိပ်နိုင်သွားတယ်"

ဒါက အမှန်မဟုတ်ဘူးဆိုပေမယ့် ရှောင်းယီ၊ နန်းပေါင်ရီနှင့် တခြားသူတွေ အမြင်မှာအမှန်ဆိုလျှင် အကျိုးအမြတ်ရမည်မှာ သူပင်ဖြစ်သည်။

" အရှင်....အရှင်.."

မိန်းမစိုး တစ်ယောက် အပြင်မှ ပြေးလာခဲ့သည်။

သူကြောက်လန့်တကြားနှင့် ဒူးထောက်လိုက်ကာ " ရှောင်းယီက အိပ်ခန်းထဲကို ရောက်လာပါတော့မယ်"

သူ စကားပြောပြီး ခဏတွင် ပြင်းထန်သော ဖိနပ်အသံသည် လိုက်ကာ အပြင်ဘက်မှ ထွက်ပေါ်လာသည်။

နန်းပေါင်ရီ ရင်ထဲဗလာဖြစ်သွားသည်။

သူမ နဂါးအိပ်ရာ၏ အပြင်ဘက်သို့ စိုက်ကြည့်နေမိသည်။ သူမ ပြေးထွက်၍ သူ့အားတွေချင်သော်လည်း သူမ၏ လက်ဖျားခြေဖျားများ အေးစက်နေကာ တစ်လက်မမှ မရွေ့လျားနိုင်ပေ။

ချူးဟွိုက်နန် သူမအား ချုပ်ကိုင်ထားသည်။

သူမ သူ့အား မည်သို့ မျက်နှာချင်းဆိုင်ရမည်နည်း။

ချူးဟွိုက်နန် အိပ်ယာဘေးတွင် ထိုင်နေပြီး လိုက်ကာမှ သူ့အား ကာထားသည်။

ရှောင်းယီမှ သူ၏ ဓားဖြင့် နီးကပ်လာသည်ကို ကြည့်နေလိုက်သည်။

နန်းပေါင်ရီ အိပ်ရာထဲ၌ ပုန်းလိုက်မိသည်။ အိပ်ရာထဲမှာဖြစ်သော်လည်း အပြင်တွင် ဘာဖြစ်နေသည်ကို ခပ်ဝါးဝါးမြင်နေရသည်။

အရပ်၍ ကျစ်လျစ်သော ပုံရိပ်သည် ရွှေရောင် သရဖူအား ခေါင်းတွင်

ဆောင်းထားလျက် သံချပ်ကာအားဝတ်ဆင်ထားသည်။ ဇွပေရှိသော ဓား အရှည်အား ကိုင်ဆောင်ထားပြီး ခံ့ညားနေလျက် သူ၏ မျက်လုံးများမှာ နက်မှောင်နေလျက်ရှိသည်။ မြောက်ဘက်ပိုင်း တိုက်ပွဲမှ ပြန်ရောက်ရောက် ခြင်းဖြစ်၍ သူ၏ တကိုယ်လုံးတွင် ကြမ်းတမ်းပြီး သွေးရောင် အရှိန်အဝါ များထုတ်လွှင့်လျက်ရှိသည်။ သူ့အား တချက်ကြည့်သည်နှင့် ကြောက်ရွံ့ စေသည်။

အကို၂...

သူမ အက်ကွဲသောအသံဖြင့် ပြောလိုက်သည်။

ချူးဟွိုက်နန်နှင့် ရှောင်းယီတို့ တစ်ယောက်နှင့်တစ်ယောက် စိုက်ကြည့် နေကြသည်။

ချူးဟွိုက်နန်သည် ရှောင်းယီ၏ အတင့်ရဲသောမျက်လုံးများကို စိုက်မ ကြည့်ရဲပေ။ သူ အစေခံတစ်ယောက်အား ခေါ်၍ သန့်စင်လိုက်ကာ "ငါက မင်းကို အနောက်လက်ဝေတိုင်းပြည်မှာ သေပြီထင်တာ"

ရှောင်းယီသည် ဘာအမူအရာမှမပြဘဲ "ကျောင်းကျောင်းဘယ်မှာလဲ"

ချူးဟွိုက်နန် မတုန်မလှုပ်နှင့် မျက်နှာသုတ်လိုက်ပြီး " မင်းသမီးလေးက မင်းနဲ့ ဆက်ဆံရေးကောင်းခဲ့ပေမယ့်လည်း သူကအခု ငါ့ရဲ့ ကိုယ်လုပ်တော် ဖြစ်သွားသည်။ အပြစ်ရှိတဲ့ အမတ်အနေနဲ့ သူမရဲ့ နာမည်ပြောင်ကို ဘယ်လို ခေါ်ရဲရတာလဲ"

ရှောင်းယီ ခေါင်းအားစောင်းလိုက်လျက်...

သူ၏ သွားအားလျှာဖြင့်ထိလိုက်ပြီး မျက်လုံးမှိတ်လိုက်ကာ ဖိနှိပ်ထား သောအသံဖြင့် " ချူးဟွိုက်နန် ငါမင်းကို နန်းကျောင်းကျောင်း ဘယ်မှာလဲ မေးနေတာ မင်းနားမလည်ဘူးလား။ဟမ်..."

သူ စစ်တပ်ထဲတွင်နေသည်မှာ အနည်းငယ်ကြာ၍ သူအလွယ်တကူ စိတ်တိုတတ်နေပြီဖြစ်သည်။

ရေအင်တုံမှ အောက်သို့ကျကာ ရေများနှင့် အနံမွှေးဆပ်ပြာများ မြေပြင်ပေါ်သို့ ပြန့်ကျဲသွားသည်။

အစေခံနှင့် မိန်းမစိုးတို့သည် ခေါင်းငုံ့၍ ဒူးထောက်ကျသွားကာ အသက်ပင်ရဲရဲမရှူရဲကြပေ။

ချူးဟွိုက်နန် သူ့ပါးအားသေချာစွာသုတ်လိုက်ပြီး နွေးထွေးစွာပြုံးလျက် " ရှောင်းယီ မင်းနန်းတော်ထဲဝင်တုန်းက ရှန်းကျင်မြို့မှာ ပြန့်နေတဲ့ ကောလဟာလတွေကြားခဲ့မှာပဲ။ ကျောင်းကျောင်းက ကလတ်တဲ့ မိန်းကလေးဖြစ်ပြီးတော့ ငါ့ရဲ့ နဂါးအိပ်ရာပေါ်ကို အရင်ဆုံးတက်ဖို့ကြိုးစားခဲ့တယ်ဆိုတာ။ ကလက်တယ်ဆိုတာကတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် သူမကငါ့နဂါးအိပ်ရာပေါ်ကိုတက်လာတာပဲ။ ကျောင်းကျောင်းရဲ့ ခန္ဓာကိုယ်ကပျော့ပြောင်းပြီး အသားအရေကလဲချောမွေ့တယ်။ သူမ ငါ့ရဲ့အောက်မှာ ရှိနေတုန်းက ငြင်ငြင်သာသာ ငိုကြွေးခဲ့တာတွေ..."

သူ စကားပြောလို့ မပြီးခင်မှာ ရှောင်းယီ၏ ဓားသည် သူ့အား ချိန်ရွယ်လာသည်။

ချူးဟွိုက်နန် သူ့နှာခေါင်းနားသို့ ရောက်လုရောက်ခင် ဓားအားကြည့်လိုက်သည်။ မျက်လုံးထဲတွင် အမုန်းတရားများပြည့်နေသော်လည်း သူ၏မျက်နှာသည် ငြင်သာချင်ယောင်ဆောင်ကာ ပြုံးထားပေသည်။

သူလက်အား ဆက်တန့်လိုက်ပြီး လိုက်ကာအားမလိုက်သည်။

နန်းပေါင်ရီ ထိုသည်အား ရှောင်ရှားသည်။

သူမ ရှောင်းယီအား ကြောက်ရွံ့စွာကြည့်လိုက်သည်။

ရှောင်းယီ သူမအားကြည့်လိုက်သည်။

သူ အမြတ်တနိုးဝှက်ထားသည့် အနက်ရောင်ဆံနွယ်များသည် ရေတံခွန် အလား ပြန့်ကျဲနေသည်။ သူမ၏ အဝတ်အစားများသည် စုတ်ပြဲနေပြီး မိတ်ကပ်ထူထူအားလည်း လိမ်းထားသည်။ သူမ၏ အနီရောင်နှုတ်ခမ်း များသည်လည်း တစုံတယောက် နမ်းသည်အားခံထားရသလို ပါးပေါ်တွင် ပေလျက်ရှိသည်။

အရက်နံ့သည် ဖျင်တဲ တခုလုံးပြည့်နေသည်။

ရှောင်းယီ မျက်နှာမဲမှောင်လာသည်

အနောက်ဖက်ဝေပြည်တိုင်းတွင်ရှိစဉ်က ရှန်းကျင်မြို့တော်တွင် တခုခုဖြစ် နေပြီဟု သူကြားလိုက်ရသည်။ သူ အလျင်အမြန် အလုပ်များ လုပ်ဆောင် ကာ စစ်သား ၂သိန်းကို ပုန်ကန်ရန်စုဆောင်းပြီး ရှင်းကျင်မြို့သို့ ပြန်လာခဲ့ သည်။ သူနန်းတော်သိုရောက်ရောက်ချင်း ကျင်းမင်းသမီးသည် ဧကရာဇ် အိပ်ရာ ပေါ်သို့တက်ရန်ကြိုးစားခဲ့ကြောင်း ကောလဟာလများကြားလိုက်ရ သည်။

သူ သေချာပေါက်မယုံခဲ့ပေမယ့်...

ရှောင်းယီ အသံကိုနှိမ့်ကာ "ဒီကိုလာခဲ့"

နန်းပေါင်ရီ ကြောက်ဘဲကြောက်သလို ရှက်လဲရှက်နေခဲ့သည်။ သူမ ရှော င်းယီထံသွားမည့်အချိန်တွင် ချူးဟွိုက်နန်မှ သူမလက်အား ဆုပ်ကိုင်လာ သည်။

***